# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

April 4, 2019 Volume 18, Number 4


## မြန်မာ့စီးပွားရေးတိုးတက်မှု လာမယ့်နှစ်ပိုအားကောင်းမည်ဟု ADB ခန့်မှန်း

မြန်မာအစိုးရအနေနဲ့ စီးပွားရေးဆိုင်ရာ မူဝါဒ ပြုပြင်ပြောင်းလဲမှုတွေကို ဆောင်ရွက် လာနေပြီး နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု FDI တွေလည်း တိုးလာနေ တာကြောင့် မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်းဟာ လာမယ့်နှစ်တွေ အတွင်း ပိုမို အားကောင်းလာဖို့ ရှိနေတယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ် ADB က ခန့်မှန်းပါတယ်။ ၂၀၁၈ ခုနှစ် နောက်ဆုံး သုံးလပတ်ကာလကစလို့ မြန်မာနိုင်ငံတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု ပမာဏဟာ သိသိသာသာ တိုးလာခဲ့တဲ့အကြောင်း ဒီကနေ့ ADB ဘဏ်က ထုတ်ပြန်တဲ့ ၂၀၁၉ ခုနှစ် စီးပွားရေး အလားအလာ သုံးသပ်ချက် အစီရင်ခံစာမှာ ထောက်ပြထားပါတယ်။ အစီရင်ခံစာ မိတ်ဆက်ပွဲကို ကိုယ်တိုင်သွားရောက်သတင်းယူခဲ့တဲ့ မခင်ဖြူထွေးက အပြည့်စုံ တင်ပြပေးပါမယ်။

၂၀၁၁ ခုနှစ်ကစလို့ ပြုပြင်ပြောင်းလဲမှုတွေ စတင်လုပ်ဆောင်လာခဲ့တဲ့ မြန်မာနိုင်ငံမှာ လက်ရှိ အစိုးရအနေနဲ့လည်း စီးပွားရေးဆိုင်ရာ ပြုပြင်ပြောင်းပြောင်းလဲမှုတွေကို အားစိုက်လုပ်ဆောင်လာနေတာ တွေ့ရပြီး၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေကို သိသိသာသာ တိုးလာနေတယ်လို့ အာရှဖွံ့ဖြိုးရေးဘဏ် ADB က သုံးသပ်ပါတယ်။ ၂၀၁၈ ခုနှစ် အောက်တိုဘာလကနေ ၂၀၁၉ ခုနှစ် ဇန်နဝါရီလအတွင်း နိုင်ငံခြား တိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု FDI ပမာဏဟာ ၁.၅ ဘီလျံအထိ တိုးလာခဲ့ပြီး ဒါဟာ ဒီ့အရင်နှစ် အဲ့ဒီကာလကထက် ၂ ဆနီးပါး တိုးလာတာ ဖြစ်တဲ့အကြောင်း ဒီကနေ့ ထုတ်ပြန်တဲ့ အစီရင်ခံစာသစ်မှာ ဖော်ပြထားပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၈ ခုနှစ်အတွင်း စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနှုန်း ၆.၂ % ရှိခဲ့ပြီး၊ ဒီနှစ်နဲ့ ရှေ့နှစ်အတွင်းမှာတော့ ဒီ့ထက်ပိုပြီး တိုးတက်လာဖို့ အလားအလာကောင်းတွေရှိနေတယ်လို့ မြန်မာနိုင်ငံဆိုင်ရာ ADB အဖွဲ့က မြန်မာ့အရေးကျွမ်းကျင်သူ Yumiko Tamura က ဗွီအိုအေကို ခုလိုပြောပါတယ်။

ဒီနှစ်ဘဏ္ဍာရေးနှစ်အတွက် စီးပွားရေးဖွံ့ဖြိုးမှုနှုန်းက ၆.၆ % ဝန်းကျင်လောက် ဖြစ်လာ နိုင်ပြီး အောက်တိုဘာလမှာ စတင်မယ့် ရှေ့ဘဏ္ဍာရေးနှစ်မှာတော့ ၆.၈% အထိ တိုးလာနိုင်တယ်လို့ ကျမတို့ခန့်မှန်းပါတယ်။ အခုလို အကောင်းမြင် ခန့်မှန်းရတဲ့ အဓိကအချက်တွေထဲမှာတော့ အစိုးရအသုံးစရိတ်တိုးလာတာ၊ ခရီးသွား လုပ်ငန်းနဲ့ ဆက်စပ်တဲ့ စီးပွားရေးလုပ်ငန်းတွေ ပိုမိုအားကောင်းလာဖို့အတွက် မူဝါဒပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေနဲ့ ပြည်တွင်း ပြည်ပရင်းနှီးမြှုပ်နှံမှုတွေ ပိုပြီး အားကောင်းလာဖို့ ရှိနေတာတွေကြောင့်ဖြစ်ပါတယ်။

မြန်မာနိုင်ငံတွင်း အမေရိကားနဲ့ဥရောပလို အနောက်နိုင်ငံတွေက လာရောက်ကြတဲ့ နိုင်ငံခြားသားခရီးသည်အရေအတွက် နည်းပါးလာတာရှိပေမဲ့လို့ အာရှနဲ့ တခြား ဒေသတွေကနေ လာရောက်ကြတဲ့ ခရီးသွားဧည့်သည်တွေကတော့ တိုးလာနေပြီး ရှေ့နှစ်တွေမှာ ပိုများလာဖို့ ခန့်မှန်းရတဲ့အကြောင်းလည်း သူကပြောပါတယ်။

၄.၄.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၂၉၃ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၄၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၇/ကျပ် |
| CBM Rate | = ၁၅၀၆.၄/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၂.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၂.၄ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၈၃.၀ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၇၀.၇ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၄.၁၈ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၈၁၂ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၃၂.၂၉ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၈.၉၀ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၇.၃၉၃ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com

မြန်မာနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုနှုန်းကို အဓိကထိခိုက်စေနိုင်တဲ့ အကြောင်းအရာတွေထဲမှာတော့ - အီးယူဥရောပသမဂ္ဂက မြန်မာနိုင်ငံကိုပေးထားတဲ့ ကုန်သွယ်ရေးအထူးခံစားခွင့်တွေ ပြန်လည်ရုပ်သိမ်းလိုက်တာ၊ ကမ္ဘာလုံးဆိုင်ရာ စီးပွားရေး မတည်ငြိမ်မှုတွေရဲ့ရိုက်ခတ်မှု၊ စီးပွားရေး ပြုပြင်ပြောင်းလဲမှု နှေးကွေးနေတာအပြင် နေရာဒေသတချို့မှာ ဖြစ်ပွားနေတဲ့ လက်နက်ကိုင်ပဋိပက္ခတွေကြောင့်လို့ဆိုပါတယ်။ ဒါပေမဲ့လည်း စီးပွားရေးဆိုင်ရာအခြေအနေတခုလုံးကို ခြုံကြည့်ရင်တော့ အားရစရာ အခြေအနေတွေ ရှိနေတယ်လို့ Ms Yumiko Tamura က ပြောပါတယ်။

မြန်မာနိုင်ငံအတွက် စီးပွားရေး အလားအလာကောင်းတွေ ရှိနေတာကို ဆက်ပြီး ထိန်းသိမ်းထားနိုင်ဖို့ အတွက်ဆိုရင်တော့ အစိုးရအနေနဲ့ လွန်ခဲ့တဲ့နှစ်ပိုင်းတွေကစပြီး စတင်လုပ်ဆောင်လာနေတဲ့ စီးပွားရေး ပြုပြင်ပြောင်းလဲမှုတွေကို ပိုပြီးတော့ အရှိန်မြှင့်လုပ်ဆောင်ဖို့ လိုပါတယ်။ အထူးသဖြင့် ပြည်သူ့ဘဏ္ဍာ စီမံဆောင်ရွက်မှုဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေ၊ ခိုင်မာ အားကောင်းတဲ့ ဥပဒေတွေ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ စီမံခန့်ခွဲမှုတွေနဲ့ စွမ်းရည်မြှင့်တင်မှုပိုင်းတွေမှာ တိုးတက်ကောင်းမွန်လာအောင် အရှိန်မြှင့်ဆောင်ရွက်ရပါလိမ့်မယ်။ ဒီလိုဆောင်ရွက်ချက်တွေနဲ့အတူ အများပါဝင်တဲ့ စီးပွားရေးနဲ့လူမှုရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေလုပ်သွားမယ်ဆိုရင်တော့ ရေရှည်ခိုင်မာတဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုတွေ ဖြစ်လာစေမှာလို့ပြောပါတယ်။

မြန်မာအစိုးရအနေနဲ့ ဘဏ္ဍာရေးဆိုင်ရာ ပြုပြင်ပြောင်းလဲမှုတွေကို ထိထိရောက်ရောက် ဆောင်ရွက်သွားမယ်၊ ရင်းနှီးမြှုပ်နှံမှုတွေ အားကောင်းလာဖို့အတွက် လိုအပ်တဲ့ အခြေခံအဆောက်အအုံပိုင်းဆိုင်ရာ လိုအပ်ချက်တွေနဲ့ လူသားအရင်းအမြစ် တိုးတက်ဖွံ့ဖြိုးလာအောင် ဆောက်ရွက်မှုတွေ လုပ်ဆောင်သွားမယ်ဆိုရင် လာမယ့်နှစ်တွေအတွင်း မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှုန်း အားကောင်းလာဖို့သာ ရှိတဲ့အကြောင်း ADB အဖွဲ့ကသုံးသပ်ထားပါတယ်။

**Source:** https://www.facebook.com/kope.aung/posts/2318141865121692

## ရွှေဈေး ဆက်ကျ၊ စက်သုံးဆီဈေးဆက်တက်

သင်္ကြန်ရုံးပိတ်ရက်ရှည်ကာလ နီးကပ်လာခြင်းနှင့်အတူ ကမ္ဘာ့ရွှေဈေး ဆက်လက်ကျဆင်းခြင်းကြောင့် ပြည်တွင်းရွှေဈေးနှုန်းများ ဆက်လက်ကျဆင်းပြီး ပြည်ပဈေးတက်ခြင်းကြောင့် ပြည်တွင်းစက်သုံးဆီဈေးနှုန်းများ ဆက်လက်မြင့်တက်ကြောင်း ယင်းဈေးကွက်များအတွင်းမှသိရသည်။ ကမ္ဘာ့ရွှေဈေးသည် မတ်လနောက်ဆုံးပတ်ကထက် တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၂၆ ဒေါ်လာခန့်နှင့် ပြည်တွင်းအခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ်နှစ်သောင်းကျော်ဈေးကျကြောင်း၊ စက်သုံးဆီဈေးကွက်တွင် ပြည်ပဈေးမှာ တစ်စည်လျှင် အမေရိကန်တစ်ဒေါ်လာမှ ၂ ဒေါ်လာခန့်သာ မြင့်တက်သော်လည်း ပြည်တွင်းဈေးမှာမူ တစ်လီတာလျှင် ၅ ကျပ်မှ ၂၅ ကျပ်အထိမြင့်တက်ကြောင်း ရွှေဘုံသာရွှေဈေးကွက်နှင့် စက်သုံးဆီဈေးကွက်အတွင်းမှသိရသည်။ ကမ္ဘာ့ရွှေဈေးကျလို့လိုက်ကျတာပါ။ အရောင်းအဝယ်ကတော့ ပုံမှန်ပဲ။ ဈေးအပြောင်းအလဲက ကမ္ဘာ့ဈေးအပေါ်ပဲ မူတည်တယ်။ အခုက ဒေါ်လာဈေးကလည်း ငြိမ်နေတယ်လေ။ ဒေါ်လာဈေးသာကျမယ်ဆို ရွှေဈေးပိုကျနိုင်ပါတယ်ဟု တိတ်စိန်ရွှေဆိုင်ပိုင်ရှင် ဦးဇော်အောင်ကပြောဆိုသည်။

လက်ရှိရွှေဈေးကွက်အခြေအနေအရ ကမ္ဘာ့ရွှေဈေးဆက်လက်ကျဆင်းပါက ပြည်တွင်းရွှေဈေးလိုက်ပါကျဆင်းနိုင်ပြီး စက်သုံးဆီမှာမူ သင်္ကြန်ကာလအနီးသို့ ရောက်ရှိနေခြင်းကြောင့် ဆက်လက်မြင့်တက်နိုင်ခြေရှိကြောင်း ယင်းလုပ်ငန်းရှင်များက သုံးသပ်ပြောကြားသည်။ စက်သုံးဆီက သင်္ကြန်နားနီးရင် ဒီအတိုင်းပဲတက်တတ်တယ်။ နှစ်တိုင်းပဲတက်တာ။ သင်္ကြန်ရုံးပိတ်ရက်ဆိုတော့ ကုန်သွယ်မှုတွေရော၊ နယ်ဘက်ကို ပို့တာတွေရော ရပ်သွားတာကြောင့်ပါတယ်”ဟု ရန်ကုန်မြို့တွင်းရှိ အငှားယာဉ်မောင်းတစ်ဦးကပြောဆိုသည်။ ထိုသို့ရွှေဈေးနှုန်းဆက်လက်ကျဆင်း၍ စက်သုံးဆီဈေးဆက်လက်မြင့်တက်သော်လည်း အမေရိကန်ဒေါ်လာ ဈေးနှုန်းမှာမူ တစ်ဒေါ်လာလျှင် တစ်ကျပ်ခန့်သာ အတက်အကျဖြစ်ပေါ်ပြီး အကျဈေးဖြင့် ဈေးကွက်ငြိမ်သက်နေကြောင်း ငွေကြေးဈေးကွက်အတွင်းမှသိရသည်။

လက်ရှိရွှေဈေးကွက်အတွင်း အခေါက်ရွှေတစ်ကျပ်သားလျှင် ကျပ် ၁,၀၄၂,၀၀၀၊ ကမ္ဘာ့ရွှေဈေး တစ်အောင်စလျှင် အမေရိကန်ဒေါ်လာ ၁၂၉၁၊ အမေရိကန်တစ်ဒေါ်လာလျှင် ၁၅၁၀ ကျပ်ဈေးရှိကြောင်း၊ ပြည်တွင်းစက်သုံးဆီဈေးမှာ ဒီဇယ်တစ်လီတာလျှင် ၉၈၀ ကျပ်၊ အဆင့်မြင့်ဒီဇယ်တစ်လီတာလျှင် ၉၉၀ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာလျှင် ၈၂၅ ကျပ်နှင့် အောက်တိန်း ၉၅ တစ်လီတာလျှင် ၉၁၀ ကျပ်ဈေးရှိပြီး ပြည်ပဈေးမှာ အောက်တိန်း ၉၂ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၅ ကျော်၊ အောက်တိန်း ၉၅ တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၇၇ ကျော်၊ ဒီဇယ်တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ ကျော်၊ အဆင့်မြင့်ဒီဇယ် တစ်စည်လျှင် အမေရိကန်ဒေါ်လာ ၈၀ ကျော်ဈေးရှိကြောင်း ယင်းဈေးကွက်အတွင်းမှသိရသည်။ **Source:** https://www.facebook.com/kope.aung?ref=br_rs

## မြန်မာနိုင်ငံကို ထပ်မံဈေးကွက်ချဲ့ထွင်လာသည့် တရုတ်ခရီးသွားလုပ်ငန်း

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်မည့် ဂျပန်၊တောင်ကိုရီးယားနှင့် တရုတ်နိုင်ငံသားများကို ၂၀၁၈ စက်တင်ဘာလမှစ၍ ဗီဇာဖြေလျှော့ပြီးနောက် တရုတ်နိုင်ငံမှ လေကြောင်းလိုင်းများနှင့် ခရီးသွားလုပ်ငန်းများသည် မြန်မာနိုင်ငံသို့ ဈေးကွက် ချဲ့ထွင်မှုများ ပြုလုပ်လာသည်။ ၂၀၁၈ ခုနှစ်အတွင်း လေကြောင်းခရီးစဉ် ၁၁ ခုသာရှိခဲ့ရာမှ လက်ရှိအချိန်တွင် ရန်ကုန် အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် တရုတ်နှစ်နိုင်ငံကြား ပျံသန်းပြေးဆွဲသည့် ခရီးစဉ် ၁၃ ခုထိ တိုးမြှင့်ပြေးဆွဲ၍ ဈေးကွက်ချဲ့ထွင်လာခဲ့သည်။ ပြီးခဲ့သည့်နှစ် အောက်တိုဘာလကုန်မှစတင်ပြီး လက်ရှိအချိန်ထိ တရုတ်နိုင်ငံ လေကြောင်း လိုင်းများဖြစ်သည့် 9 Air, Hainan, Sichuan p စသည့် လေကြောင်းသုံးခုမှ မြန်မာနိုင်ငံသို့ တိုးချဲ့ပျံသန်းပြေးဆွဲခဲ့သည်။ ယင်းအပြင် မြန်မာနိုင်ငံသို့ တရုတ်နိုင်ငံမှ လေကြောင်းလိုင်းအသစ်များ တိုးချဲ့ပြေးဆွဲရန် စီစဉ်နေကြောင်း မြန်မာ-တရုတ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအုန်းမြင့်ထံမှသိရသည်။

မြန်မာနိုင်ငံသို့ ၂၀၁၈ ခုနှစ်အတွင်း ကမ္ဘာလှည့်ခရီးသည်ဦးရေ ၃ ဒသမ ၅ သန်းကျော်ဝင်ရောက်ခဲ့ပြီး၊ ယခုနှစ်အတွင်း ခရီးသွားဧည့်သည်ဝင်ရောက်မှု၏ ၄၀ ရာခိုင်နှုန်းသည်တရုတ်နိုင်ငံသားများဖြစ်သည်။ တရုတ်ခရီးသွားလုပ်ငန်းများ အနေဖြင့် မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းသာမက တရုတ်နိုင်ငံသို့ မြန်မာခရီးသွားများသွားရောက်လည်ပတ်ရန် နေရာသစ်များဖြင့်လည်း ဈေးကွက်ချဲ့ထွင်လာသည်။ မြန်မာနိုင်ငံမှ ခရီးသည်များကို တရုတ်နိုင်ငံရှိ ကျန်းကျားကျဲ့ (Zhangjiajie)ဒေသသို့ လာရောက်လည်ပတ်ရန် ဝူလင်းယွမ်ခရိုင် (Wulin -yuan) ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်၍ မတ် ၂၉ ရက်တွင် ရန်ကုန်မြို့ရှိ Melia ဟိုတယ်တွင် လာရောက်မိတ်ဆက်ပြသခဲ့သည်။

တောင်စွယ်ပေါင်း ၃၀၀၀ ခန့်ရှိသည့် ကျန်းကျားကျဲ့ (Zhangjiajie) ဒေသသည် ယူနက်စကိုမှ ထိန်းသိမ်းစောင့်ရှောက်ခံနယ်မြေအဖြစ် အသိအမှတ်ပြုထားသည့်ဒေသဖြစ်ပြီး ကမ္ဘာကျော်ရုပ်ရှင်တစ်ကားဖြစ်သည့် Avator ရုပ်ရှင်၏ ဇာတ်ဝင်ခန်းများကိုလည်း ရိုက်ကူးထားသည့်နေရာဖြစ်ကြောင်း ဝူလင်းယွမ်ခရိုင် (Wulingyuan) ခရိုင်အုပ်ချုပ်ရေး မှူး Mr. Ding Yun Lai ဆိုသည်။ အဆိုပါဒေသသို့ တစ်နှစ်လျှင် ခရီးသည်ဦးရေ ရှစ်သန်းခန့် သွားရောက်လည်ပတ်နေပြီး ၎င်းတွင် ပြည်ပခရီးသွားဧည့်သည် ၃၀ ရာခိုင်နှုန်းခန့် ဝင်ရောက်ထားပြီးဖြစ်သည်။ မြန်မာနိုင်ငံရှိ ရန်ကုန်မြို့နှင့်လည်း ညီအစ်မမြို့တော်အဖြစ် သတ်မှတ်နိုင်ရန် စီစဉ်ထားကြောင်းနှင့် မြန်မာနိုင်ငံမှ ခရီးသည်များ လာရောက်လည်ပတ်ရန်Mr. Ding Yun Lai ဖိတ်ခေါ်ခဲ့သည်။ မြန်မာနိုင်ငံဈေးကွက်ကို အလေးထားတယ်။ မြန်မာနိုင်ငံက ဈေးကွက်အလားလာရှိတဲ့နိုင်ငံဖြစ်တယ်။ ဒါကြောင့် ခရီးသွားတွေအဆင်ပြေအောင်။ တိုက်ရိုက် လေကြောင်းလိုင်း အမြန်ဆုံးရှိဖို့အတွက် သက်ဆိုင်ရာနဲ့ ကြိုးစားသွားမှာပါ"ဟု Mr. Ding Yun Lai က ဆိုသည်။ ကျန်းကျားကျဲ့ (Zhangjiajie) ဒေသသို့ သွားရောက်ရာတွင် မြန်မာနိုင်ငံသားများ အနေဖြင့် ဆိုက်ရောက်ဗီဇာစနစ်ဖြင့် လည်ပတ်နိုင်မည်ဖြစ်သော်လည်း လက်ရှိတွင် တိုက်ရိုက်လေကြောင်းလိုင်းမရှိသေးကြောင်း ကျန်းကျားကျဲ့ ဒေသအခြေပြု Hunan Oversea Travel Zhang Jiajie ကုမ္ပဏီတာဝန်ရှိသူတစ်ဦးကဆိုသည်။

မြန်မာနိုင်ငံအနေဖြင့် ရွှေလီ၊ ကူမင်း၊ ရှန်ဟိုင်း၊ ချန်ဒူး အစရှိသည့်ဒေသများသို့ပြည်ပခရီးစဉ်များအနေဖြင့် သွားရောက်လည်ပတ်မှုရှိသော်လည်း ကျန်းကျားကျဲ့ (Zhangjiajie) ဒေသ၏ ခရီးစဉ်ကို ခရီးသွားအေဂျင်စီများပင် သိရှိမှုနည်းပါးသည်ဟု ခရီးသွားလုပ်ငန်းရှင်များကဆိုကြသည်။ မြန်မာနိုင်ငံမှ ခရီးသည်များ တရုတ်နိုင်ငံသို့ သွားရောက် ရာတွင် အုပ်စုလိုက်ဖြင့်သာလည်ပတ်မှုများရှိသဖြင့် နှစ်နိုင်ငံကြား ခရီးသွားလုပ်ငန်းကို စနစ်တကျ အထောက်အကူဖြစ်စေ ရန် တရားဝင်သဘောတူချက်များဖြင့် ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာ–တရုတ် ခရီးသွားဈေးကွက် မြှင့်တင်ရေးအဖွဲ့ဝင် ဦးကျော်ဝင်းကဆိုသည်။ ဒီဒေသကို အခုပထမဆုံးလာမိတ်ဆက်တယ်။ တိတိကျကျ ဘယ်လိုဆောင်ရွက်မလဲဆိုတာတော့ မသိရသေးဘူး။ ဒါပေမဲ့စနစ်တကျဖြစ်ဖို့အတွက် နှစ်ဖက်အေဂျင်စီတွေအကြား သဘောတူစာချုပ်ချုပ်ဖို့လိုမယ်။ ဒါမှ ရေရှည်အဆင်ပြေမယ်ဟု ဦးကျော်ဝင်းက မှတ်ချက်ပြုသည်။

**Source:** https://www.facebook.com/kope.aung/posts/2318558805079998

## Made in Myanmar အဖြစ် ပြည်ပဈေးကွက်ကို ထိုးဖောက်သင့်တဲ့ မြန်မာ့ပျားရည်

ပျားရည်ကို ကျန်းမာရေးအတွက် ဆေးစွမ်းကောင်းတစ်လက်အဖြစ် မြန်မာလူမျိုးတွေယူဆသုံးစွဲကြသလို နိုင်ငံတကာမှာလည်း ပျားရည်ကို သကြားအစားထိုး သုံးစွဲကြတဲ့အလေ့အထ တွင်ကျယ်လျက်ရှိပါတယ်။ အများအားဖြင့် ပျားရည်ကို ရေနွေးကြမ်း၊ သံပရာရည်လို ဖျော်ရည် စတာတွေမှာထည့်ပြီး သောက်လေ့ရှိကြသလို အချိုပွဲတွေမှာလည်း သုံးလေ့ရှိကြပါတယ်။ ပျားရည်ကို ကျန်းမာရေးအတွက် ဒါမှမဟုတ် သကြားအစားထိုးအဖြစ် သုံးစွဲမှုပေါ်မှာမူတည်ပြီး ပျားရည်

ဈေးကွက် အလားအလာမြင့်တက်လျက်ရှိတယ်လို့ နိုင်ငံတကာဈေးကွက်သုတေသီတွေက သုံးသပ်ထားကြ ပါတယ်။ မြန်မာနိုင်ငံ အထက်ပိုင်းဒေသတွေဖြစ်တဲ့ မန္တလေး၊ မကွေး၊ စစ်ကိုင်းတိုင်းဒေသကြီးနဲ့ ရှမ်းပြည်နယ်တွေမှာရှိတဲ့ ပျားမွေးမြူရေးလုပ်ငန်းတွေက ပျားရည်တွေ အမြောက်အမြားထွက်လျက်ရှိပါတယ်။

ဈေးကွက်ထဲမှာကြည့်မယ်ဆိုရင်လည်း အမှတ်တံဆိပ်အမျိုးမျိုးနဲ့ ပျားရည်တွေကိုတွေ့ရှိရမှာဖြစ်ပါတယ်။ ဒီလိုဈေးကွက်ထဲမှာ ရောင်းချနေတဲ့ မြန်မာ့ပျားရည်တံဆိပ်အမျိုးမျိုးတွေထဲမှာ ထုပ်ပိုးမှုပုံစံကောင်းကောင်း၊ အပြင်အဆင် ကောင်းကောင်းနဲ့ ထုတ်လုပ်ထားတဲ့ Haven ဆိုတဲ့ အမှတ်တံဆိပ်လည်းတစ်ခုအပါအဝင် ဖြစ်ပါတယ်။ Haven အမှတ်တံဆိပ်ကတော့ Jujube Honey (ဆီးပျားရည်)၊Niger Honey (ပန်းနှမ်းပျားရည်)၊ Pigeon Pea Honey (ပဲစင်းငုံပျားရည်)၊Sunflower Honey(နေကြာ ပျားရည်)နဲ့ Mustard Honey (မုန်ညင်းပျားရည်) ဆိုပြီး အမျိုးမျိုးထုတ်လုပ်ထားတာက တစ်မူထူးခြားလို့နေပါတယ်။ ပျားရည်အမျိုးအစားကလည်း တစ်မျိုးနဲ့တစ်မျိုးမတူဘဲ ပျားရည်ကို အရသာအမျိုးမျိုး ခံစားနိုင်ပါတယ်။ ဒီ Haven အမှတ်တံဆိပ် ပျားရည်ထုတ်ကုန်တွေကို ထုတ်လုပ်နေတာ ကတော့ KeKokua ကုမ္ပဏီကဖြစ်ပါတယ်။KeKokua ကုမ္ပဏီက ၂၀၁၈ ကစလို့ ဈေးကွက်အတွင်း ပျားရည် ထုတ်ကုန်တွေကို စတင်ရောင်းချနေပြီး စီးတီးမတ်၊Marketplace ၊ စတိုးဆိုင်တချို့နဲ့ ကော်ဖီဆိုင်တချို့မှာ ဖြန့်ဖြူး ရောင်းချထားပါတယ်။

တချို့က ပျားရည်ထဲကို တခြားအရသာတွေရောနှောထည့်ပြီး ထုတ်တယ်လို့ထင်ကြတယ်။ တကယ်တော့ အဲဒီလို မဟုတ်ပါဘူး။ ပျားက စားသုံးလိုက်တဲ့ ပန်းဝတ်ရည်ရဲ့ အပင်အလိုက် အရသာတွေကွဲပြားပါတယ်။ ပျားက နေကြာပန်းကိုသွားစားရင် ပျားရည်အရသာက တစ်မျိုးထွက်တယ်။ ဆီးပင်ဆိုရင် အရသာတစ်မျိုးထွက်တယ်။ ပုံမှန်ကတော့ ရလာတဲ့ ပျားရည်အမျိုးအစားတွေအကုန်လုံးကိုရောနှောလိုက်ပြီး ထုတ်လုပ်ကြတာများတယ်။ ဒီလိုခွဲခြားပြီး ထုတ်ကြတာမျိုးနည်းတယ်။ ကျွန်တော်ကတော့ ခွဲထုတ်ပြီးထုတ်လုပ်ထားတယ်။ ပျားရည် အမျိုးအစား အလိုက် ကျန်းမာရေးအပေါ် သက်ရောက်မှုကလည်းကွဲပြားတယ်"လို့ KeKokua ကုမ္ပဏီတည်ထောင်သူ ကယ်ဗင်ပန်က ရှင်းပြပါတယ်။ နေကြာပျားရည်ကို စစ်ကိုင်း၊ ပန်းနှမ်းပျားရည်နဲ့ မုန်ညင်းပျားရည်ကို ရှမ်း၊ ပဲစင်းငုံ ပျားရည်ကို မကွေး၊ ဆီးပျားရည်ကို မန္တလေးက ရယူထုတ်လုပ်ထားတာ ဖြစ်ပါတယ်။ ပျားရည်အမျိုးအစားတွေအနက် ဆီးပျားရည်မှာ အများဆုံးထွက်ရှိတဲ့ ပျားရည်အမျိုးအစားဖြစ်ပါတယ်။ မကွေး၊ မန္တလေး၊ စစ်ကိုင်းတိုင်း ဒေသကြီးနဲ့ ရှမ်းပြည်နယ်တို့က ပျားမွေးမြူရေးသမားတွေဆီကနေ ပျားရည်ကုန်ကြမ်းကို ဝယ်ယူထုတ်လုပ်ခြင်းဖြစ်ပါတယ်။ ကုမ္ပဏီ ဘက်က လိုချင်တဲ့ အရည်အသွေးအတိုင်းရရှိဖို့ ကုမ္ပဏီကပျားမွေးမြူရေးသမားတွေနဲ့ စာချုပ်ချုပ်ဆိုပြီး ဝယ်ယူ လျက်ရှိပါတယ်။ အရည်အသွေးကောင်းတဲ့ ပျားရည်ရဖို့ကအရေးကြီးတယ်။ တကယ်ကောင်းတဲ့ပျားရည်က ဘာမှ လုပ်စရာတောင်မလိုဘဲ ပျားအုံကထုတ်တာနဲ့စားလို့ရနေပြီ။ ကျွန်တော်တို့က အမှုန်အမွှားတွေကို စစ်ထုတ်လိုက်တာပဲ ရှိတယ်။ တကယ့်သဘာဝအတိုင်းပဲ။ နိုင်ငံတကာမှာလည်း သဘာဝ ကုန်ကြမ်းအတိုင်းက ဈေးကောင်းတယ်။ ပျားရည်သဘောက ပျားအုံမှာ ကြာကြာထားလေကောင်းလေပဲ။ မွေးသူတွေက ငွေမြန်မြန်ရချင်တဲ့အတွက် သိပ်ကြာကြာ မထားဘဲ ရောင်းကြတယ်။ အဲဒီအခါမှာ လိုချင်တဲ့ အရည်အသွေးကို မမီတော့ဘူး။ ကျွန်တော်တို့က တောင်သူတချို့နဲ့ စာချုပ်ချုပ်ပြီး လိုချင်တဲ့အရည်အသွေးကို ပေးဖို့သဘာတူညီမှုယူထားတယ်။ ဈေးလည်း သူများထက် နည်းနည်းပိုပေးပြီး ဝယ်တယ်"လို့ ကယ်ဗင်ပန်ကဆိုပါတယ်။

KeKokua ရဲ့ နောက်ခြေလှမ်းတစ်ခုကတော့ ပြည်တွင်းမှာထုတ်လုပ်တဲ့ ပျားရည်ကို ပြည်ပဈေးကွက်ကို တင်ပို့ ရောင်းချနိုင်ရေးပဲ ဖြစ်ပါတယ်။ ပြည်တွင်းမှာလည်း ပျားရည်ကိုပုံမှန်စားသုံးမှုကနည်းတယ်။ ကျန်းမာရေးအရ လိုအပ်မှပဲ စားကြတယ်။ ဒီမှာဝယ်လိုအားနည်းတော့ ဈေးကွက်ကိုလည်း ဖွံ့ဖြိုးအောင်လုပ်ချင်တယ်။ ဒါပေမဲ့ ပြည်တွင်း ဈေးကွက်ပဲစဉ်းစားရင် စီးပွားရေးအရ သိပ်တွက်ခြေမကိုက်နိုင်ဘူး။ ဒါကြောင့် ပြည်ပဈေးကွက်ကိုသွားရမယ်လို့ ကယ်ဗင်ပန်ကဆိုပါတယ်။ နိုင်ငံအတွင်းမှာ တစ်နှစ်ကို ပျမ်းမျှပျားရည်တန်ချိန် ၅၄၀၀ ခန့်ထွက်ရှိနေပြီး အများစုက အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ ထိုင်း၊ တရုတ်နဲ့ ဂျပန်စတဲ့နိုင်ငံတွေကို အဓိကတင်ပို့ရောင်းချလျက်ရှိပါတယ်။ ပြည်တွင်း ဈေးကွက်က ပျားရည်ကို ကျန်းမာရေးအတွက်သာ စားသုံးမှုရှိပြီး ဝယ်လိုအားကလည်း နည်းပါးလှပါတယ်။ ဒါကြောင့် ထွက်သမျှ ပျည်းရည်အများစုကို ပြည်ပသို့သာ အဓိက တင်ပို့ရောင်းချလျက်ရှိပါတယ်။ ဒီမှာကုန်ချော အသင့်သုံး အဖြစ်ထုတ်ပြီး မြန်မာနိုင်ငံ မှာထုတ်လုပ်တဲ့ အမှတ်တံဆိပ်နဲ့ ပြည်ပကိုထွက်တာ တော်တော်နည်းတယ်။ ဒါကြောင့် တင်ပို့လိုက်တဲ့ ပျားရည်က မြန်မာနိုင်ငံကထုတ်လုပ်တဲ့ ထုတ်ကုန်မဟုတ်တော့ဘဲ တခြားနိုင်ငံ အမှတ်တံဆိပ်တွေနဲ့ ဈေးကွက်ထဲကို ရောက်သွားတယ်။

မြန်မာ့ပျားရည်ကကောင်းတော့ မြန်မာကထုတ်လုပ်တဲ့ ထုတ်ကုန်အဖြစ်နဲ့ နိုင်ငံခြားဈေးကွက်တွေထဲ ရောက်စေချင်တယ်လို့ ကယ်ဗင်ပန်က ပြောပါတယ်။ ကုမ္ပဏီက ပြည်ပဈေးကွက်အတွက် Haven အမှတ်တံဆိပ်ပျားရည်ထုတ်ကုန်တွေကို အမေရိကန်နိုင်ငံကို ဖြန့်ဖြူးဖို့အတွက် နိုင်ငံတကာဖြန့်ဖြူးသူတွေကို ချိတ်ဆက်နေပြီး စင်ကာပူ၊ ဟောင်ကောင်၊ အီးယူဈေးကွက်တွေကိုလည်း ရောင်းချဖြန့်ဖြူးနိုင်ဖို့ ချိတ်ဆက်နေပါတယ်။ ကမ္ဘာ့အရည်အသွေးကောင်းတဲ့ ပျားရည်ဝယ်လိုအားတက်နေပါတယ်။ ဒါကြောင့် ပျားရည်လုပ်ငန်းကဏ္ဍ အလားအလာက အလွန်ကောင်းပါတယ်လို့ ကယ်ဗင်ပန်က ရှုမြင်ပါတယ်။ ပျားရည်လုပ်ငန်းကဏ္ဍကလည်း တခြားစိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းတွေနည်းတူ ငွေကြေးအရင်းအနှီး၊ ခေတ်မီနည်းစနစ်တွေ ရင်းနှီးမြှုပ်နှံဖို့လိုအပ်ပြီး ထုတ်လုပ်မှုကွင်းဆက်တစ်လျှောက် အဆင်ပြေစေဖို့ အတွက်လည်း အခြေခံအဆောက်အအုံကောင်းမွန်ဖို့ လိုအပ်တဲ့စိန်ခေါ်မှုတွေကို ရင်ဆိုင်နေရပါတယ်။ ဒါကြောင့် နိုင်ငံတကာ ဈေးကွက်မှာ ဝယ်လိုအားရှိပြီး ရေရှည်ဈေးကွက်အလားအလာကောင်းမွန်တဲ့ လုပ်ငန်းတစ်ခုဖြစ်တဲ့ ပျားရည်လုပ်ငန်းကဏ္ဍ တိုးတက်မြှင့်တင်ဖို့နဲ့ ပျားရည်အခြေခံတဲ့ တန်ဖိုးမြှင့်ထုတ်ကုန်တွေ ပိုမိုကောင်းမွန်တိုးတက်စေလိုပါက ရင်းနှီးမြှုပ်နှံမှု၊ ခေတ်မီနည်းစနစ်နဲ့ အခြေခံအဆောက်အအုံစတဲ့စိန်ခေါ်မှုတွေကို ပိုမိုအာရုံစိုက်ဖြည့်ဆည်းပေးဖို့ လိုအပ်မယ်လို့ သူကဆိုပါတယ်။ အမေရိကန်သွားသွား၊ ဥရောပသွားသွား နိုင်ငံတကာထုတ်ကုန်တွေကို ကြည့်လိုက်မယ်ဆိုရင် မြန်မာနိုင်ငံကထုတ်တဲ့ ထုတ်ကုန်ကမရှိသေးဘူး။ နိုင်ငံတကာစူပါမားကက်တွေမှာMade in Myanmar Product ရှိစေချင် တယ်။ ဒါကြောင့် ၂၀၁၉ ထဲမှာ Made in Myanmar Product အဖြစ် ပြည်ပဈေးကွက်ကို ះသွားနိုင်ဖို့ အာရုံစိုက်လုပ် ပါမယ်လို့ ကယ်ဗင်ပန်ကပြောပါတယ်။

**Source:** https://www.facebook.com/kope.aung/posts/2318558641746681

## ကြယ်ပဲအား အဆင့်မြှင့်ထုတ်ကုန်အဖြစ်ပြုလုပ်ကာ ပြည်ပဈေးကွက်ရှာဖွေမှုများလုပ်ဆောင်နေ

မြန်မာနိုင်ငံအတွင်း စိုက်ပျိုးလျက်ရှိသော ကြယ်ပဲများကို အဆင့်မြင့် ထုတ်ကုန်များဖြစ်သည့် ဆေးတောင့်၊ စားသုံးဆီနှင့် အလှကုန်ပစ္စည်းများအဖြစ် ထုတ်လုပ်ကာ ပြည်ပဈေးကွက်ရှာဖွေမှုများကို လုပ်ဆောင်လျက်ရှိကြောင်း ကြယ်ပဲ စိုက်ပျိုး ထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့မှသိရသည်။ ကြယ်ပဲကို နိုင်ငံခြားကအကူအညီရယူပြီး ငါးကြီးဆီပုံစံမျိုး ဆေးတောင့်တွေကိုထုတ်လုပ်နေပါတယ်။ အလှကုန်ပစ္စည်းတွေနဲ့ ဒဏ်ကြေးလိမ်းဆေး စတာတွေကို ထုတ်လုပ်လျက်ရှိပြီး ပြည်ပဈေးကွက်အခိုင်အမာရရှိအောင်လုပ်ဆောင်လျက်ရှိပါတယ်ဟု အဆိုပါအစုအဖွဲ့မှ တာဝန်ရှိသူ ဦးသန်းအောင်က ပြောသည်။ ကြယ်ပဲပင်မှာ နှစ် ၃၀ မှ နှစ် ၅၀ ခန့်အထိ သက်တမ်းရှိကာ စိုက်ပျိုးပြီး ၈ လမှ စတင်၍ အသုံးပြုနိုင်သော အပင်ဖြစ်ပြီး ထွက်ရှိလာသော ကြယ်ပဲနှင့် အရွက်များမှ အစအားလုံးအသုံးပြီး စိုက်ပျိုးစရိတ်မှာ တစ်ဧကလျှင် ကျပ် ၁၀ သိန်းဝန်းကျင်ခန့်သာကုန်ကျကြောင်း၊ ထို့အတွက် နိုင်ငံခြားဈေးကွက်ရရှိသည်နှင့်အမျှ တောင်သူများမှာလည်း အဆင်ပြေသည့် အပင်အမျိုးအစားဖြစ်သောကြောင့် ရေရှည်စိုက်ပျိုးစီးပွားရည်မှန်းချက်ဖြင့် ဈေးကွက်ရှာဖွေလုပ်ဆောင် နေခြင်းဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/thefarmermedia/posts/2172033342910840?__tn__=K-R

## ဈေးကွက်အတွင်း ဝယ်လက်ပျောက်နေသည့် ဧည့်မထအုပ်စု ရက် ၉၀ ဆန်ကို အသင်းစုဆောင်း ရန်ပုံငွေဖြင့် ဝယ်ယူပေးမည်

ပြည်တွင်းဆန်ဈေးကွက်အတွင်း လက်ရှိဝယ်လက်ပျောက်နေသည့် ရက် ၉၀ ဆန်ကို ဝယ်ယူသူမရှိပါက အသင်း၏ စုဆောင်းရန်ပုံငွေဖြင့် ဝယ်ယူပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဆန်စပါး ကုန်သည်များအသင်းဥက္ကဋ္ဌ ဦးအောင်သန်းဦး ကဆိုသည်။ အသင်းနဲ့ ကုန်စည်ဒိုင်မှာရှိတဲ့ရန်ပုံငွေလေးတွေ၊ ကျွန်တော်တို့ကိုယ်တိုင်လဲ ပါဝင်ထည့်ပြီးတော့မှ စိတ်ဝင်စားတဲ့ အသင်းသူအသင်းသားတွေ၊ ရန်ပုံငွေကြေးတွေစုဆောင်းပြီးတော့လည်း ဝယ်ယူပေးသွားမှာ ပါဟု ဦးအောင်သန်းဦးက ဆိုသည်။ လာမည့် ဧပြီ ၈ ရက်နေ့မှ စတင်ကာ ကုန်စည်ဒိုင်များတွင် ရောင်းချနိုင်ခြင်း မရှိပါက ဆန်သား ၉၀ နှင့် အထားခံသည့် အစိုဓာတ် ၁၄ဒသမ၅ ပါဝင်သည့် ဆန်တစ်အိတ်လျှင် အခြေခံဈေး ကျပ် ၁၉,၅၀၀ ခန့်ဖြင့် ဖွန်လပိုင်းအထိ သတ်မှတ်ဝယ် ယူပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ရက် ၉၀ ဆန်ကို မြန်မာနိုင်ငံ၏ ဆန်ထွက်နှုန်းနှင့် ဆန်စပါးအရည်အသွေးကို ပြုပြင်ပြောင်းလဲသည့်အနေဖြင့် တောင်သူများကို တွန်းအားပေး စိုက်ပျိုးစေခဲ့ရာမှ အချိန်တိုအတွင်း ဧကပေါင်းများစွာ တိုးတက်လာခဲ့ကြောင်းသိရသည်။ သို့သော်လက်ရှိမှာ ဈေးကွက်၌ ဝယ်လက်ပျောက်သည့် အနေအထားတွင်ဖြစ်ပေါ်နေ၍ တောင်သူများဆက်လက်

စိုက်ပျိုးခြင်း မပြုတော့မည်ကိုစိုးရိမ်သဖြင့် စိုက်ဧကလျော့ကျခြင်း၊ ဈေးနှုန်းထိုးကျဆင်းခြင်းများ မဖြစ်ပေါ်စေရန် ဈေးကွက်ထိန်းကျောင်းသည့် အနေဖြင့် ဝယ်ယူပေးခြင်းဖြစ်ကြောင်းသိရသည်။ စိုက်ပျိုးထုတ်လုပ်မှုများလာတဲ့ အချိန် ဈေးကွက်ဝယ်လိုအားလျော့သွားတဲ့အခါမှာ လက်ရှိကုန်စည်ဒိုင်တွေမှာ ရက် ၉၀ ဆန်ဝယ်တဲ့သူနည်းသွားတယ်။ ပြည်ပ တင်ပို့တဲ့ဘက်ကလည်းနည်းသလို၊ ပြည်တွင်းလိုအပ်ချက်ကလည်း လိုသလောက်ပဲဝယ်တာဖြစ်တဲ့အတွက် ဈေးကွက်ထဲမှာ ဆန်တွေဟာ ကျသင့်တာထက်ပိုကျကြောင်း ဦးအောင်သန်းဦးက ဆက်လက်ပြောဆိုသည်။

ယခင်နှစ် ယခုလိုအချိန်တွင် ရက် ၉၀ ဆန်တစ်အိတ်ကို ကျပ် ၂၆,၀၀၀ ကျပ်ထိ ဈေးရှိခဲ့ပြီး၊ ယခုအချိန်တွင် ၁၉,၀၀၀ ဝန်းကျင်သာဈေးရှိကြောင်းသိရသည်။ ရက် ၉၀ ဆန်မှာ သက်တမ်းတို၍ အရည်အသွေးကောင်းသည့် သီးနှံဖြစ်ပြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီ တိုင်းဒေသကြီးတို့တွင် အများဆုံးစိုက်ပျိုးကြကာ ဈေးကောင်းရရှိသည့် ပါးမျိုးလည်းဖြစ်သည်။ ယခင်နှစ်က ရက် ၉၀ ဆန်ကို အီးယူ ၊ တရုတ်နိုင်ငံများသို့ တင်ပို့ရောင်းချနေရသော်လည်း ယခုနှစ်တွင် အီးယူဘက်မှ ဆန်လုံးရှည်ကို အခွန်တိုးကောက်ခဲ့သည့်အပြင် တရုတ်ဝယ်ယူမှုနည်းပါးနေသည့်အတွက် ပြည်တွင်း၌ လက်ကျန်များလာကြောင်းသိရသည်။ တောင်သူတွေအနေနဲ့ ဈေးနှုန်းလေး တစ်ခုသတ်မှတ်တဲ့အတွက် အတော်လေးအဆင်ပြေပါတယ်။ ဆန်ဈေးက လယ်လောက်ထိကျမလဲ ဘယ်လိုဖြစ်မလဲဆိုတာမသိဘဲနဲ့ လက်ရှိ သို့လောသို့လောတွေဖြစ်နေတဲ့အတွက် အားလုံးအတွက် အခြေခံဈေးလေးတစ်ခု သတ်မှတ်လို့ရသွားတာပေါ့။ ဒါကြောင့် စပါးဈေးလည်း ၅ သိန်း အောက်ကိုမကျနိုင်တော့ဘူး။ ရက် ၉၀ ကို တောင်သူတွေကို စိုက်ဖို့အတွက် မျိုးတွေနည်းပညာတွေလုပ်ပေးပြီးမှ လက်ရှိ ရက် ၉၀ က ထွက်ပေါက်မရှိတဲ့ အခြေအနေမျိုးမှာ အသင်းကဝယ်ယူပေးတဲ့အတွက် လာမယ့်နှစ်ကိုလည်း ဒီမျိုးတွေကို ထပ်ပြီးတော့ တောင်သူတွေကစိုက်နိုင်ပါ။ အခုလိုဈေးကွက်ကို မဖော်ဆောင်နိုင် ဘူးဆိုရင် လာမယ့်နှစ်ကို ဘယ်လို စပါးမျိုးစိုက်ရမယ်ဆိုတာ တောင်သူတွေအတွက် ဝေဝါးစရာတွေဖြစ်လာမှာကို ဆိုးတဲ့အတွက်ဝယ်ယူပေးခြင်းဖြစ်ပါတယ်ဟု ဝါးတန်းကုန်စည်ဒိုင်၏ တွဲဖက်အတွင်းရေးမှူး ကိုဇော်ခိုင်ကပြောသည်။

ရက် ၉၀ ဆန်မှာ သက်တမ်းတို၍ အရည်အသွေးကောင်းသည့် သီးနှံဖြစ်ပြီး၊ ပဲခူးတိုင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် အများဆုံးစိုက်ပျိုးကြကာ ဈေးကောင်းရရှိနေသည့် စပါးမျိုးလည်းဖြစ်သည်။ ယခင်နှစ်က အီးယူဈေးကွက်နှင့် တရုတ်နိုင်ငံဈေးကွက်များသို့ တင်ပို့ရောင်းချခဲ့ရသော်လည်း ယခုနှစ်တွင် အီးယူဘက်မှဆန်လုံးရှည်ကို အခွန်တိုး ကောက်ခဲ့သည့်အပြင် တရုတ်ဘက်မှလည်း ဝယ်ယူမှုနည်းပါးနေသည့်အတွက် ပြည်တွင်း၌ လက်ကျန်များလာကြောင်းသိရသည်။

**Source:** http://amiamyanmar.com/Detail.aspx?id=6951

## သင်္ကြန်ကာလအတွက် စားသောက်ကုန်များ ကြိုတင်ဝယ်ယူစုဆောင်းမှုများကြောင့် ဘုရင့်နောင်ကုန်စည်ဒိုင်တွင်ရောင်းအားကောင်းနေ



ရန်ကုန်မြို့ ရှိ ဘုရင့်နောင်ကုန်စည်ဒိုင်တွင် သင်္ကြန်ကာလအတွက် စားသောက်ကုန်များကို ကြိုတင်ဝယ်ယူ စုဆောင်းမှုများကြောင့် ရောင်းအားကောင်းလျက်ရှိကြောင်း ပွဲရုံလုပ်ငန်းရှင်များထံမှ သိရပါတယ်။ ထိုသို့ဝယ်ယူသူများပြားကာ အရောင်းအဝယ်ကောင်းလာသော်လည်း ဈေးနှုန်းများမြင့်တက်ခြင်း မရှိဘဲ ကြက်သွန်နီ၊ ကြက်သွန်ဖြူ အာလူးစသည့် စားသောက်ကုန်များမှာ ပြီးခဲ့သည့်နှစ်က အခြေအနေနှင့်နှိုင်းယှဉ်ပါက ဈေးနှုန်းကျဆင်းနေကြောင်း သိရပါတယ်။

ကြက်သွန်နီက တစ်ပိဿာကို ငွေကျပ် ၃၀၀ လောက်ကနေ ၅၀၀ လောက်အထိပဲရှိတယ်။ မနှစ်ကနဲ့ယှဉ်ရင် ဈေးမတက်တဲ့အပြင် ကျနေသေးတယ်။ ကြက်သွန်ဖြူက တစ်ပိဿာကို ငွေကျပ် ၁၂၀၀ ကနေ ၁၆၀၀ ကြား၊ အာလူးဆိုရင် တစ်ပိဿာကို ငွေကျပ် ၃၀၀ ကနေ ၆၀၀ လောက်ရှိတယ်ဟု ဦးသန်းမြင့်က ပြောကြားခဲ့ပါတယ်။

ယခုကာလအတွင်း ဝယ်ယူသူအများစုသည် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆင်ခြေဖုံးဒေသများရှိ လက်လီဈေးအသီးသီးတွင် တစ်ဆင့်ပြန်လည်ရောင်းချသူများဖြစ်သည်။ ပြီးခဲ့သည့်နှစ် ဈေးနှုန်းနှင့်နှိုင်းယှဉ်ပါက ကြက်သွန်ဈေးနှုန်းများကျဆင်းခြင်းသည် ဈေးကွက်အတွင်း ကြက်သွန်အသစ် အများအပြားဝင်ရောက်မှုရှိသကဲ့သို့ အစိုဓာတ်များသဖြင့်

လှောင်လက်များကဝယ်ယူခြင်းမရှိသောကြောင့်ဖြစ်ကြောင်းသိရပါတယ်။

**Source:** https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/1826-food-product-for-thingyan.html

## Thura NewsViews

### Nationwide protests begin against Myitsone Dam

Protestors nationwide have begun a campaign against the Myitsone Dam, a hugely controversial China-backed project in Kachin State. According to an article in Frontier, U Aung Soe Myint, a leader in the movement, said that the small demonstration on April 1 in Yangon marks the beginning of the nationwide campaign. The movement will include NGOs, political parties and environmental experts from all states and regions. "We have also invited National League for Democracy officials and NLD members of parliament, but I am not sure whether or not they will attend," he said. The group is expected to form a committee at the meeting, and plan future protests against the project. The project is located on the northern reaches of the Irrawaddy River. The multi-billion-dollar Myitsone Dam was agreed when the country was under military rule. Shortly after coming into office in 2011, then-president U Thein Sein suspended the project for the remainder of his term. The NLD has still not announced whether or not it will proceed. However, China has recently been lobbying for work to re-start.

### Sugar license suspended due to lack of Chinese demand

Last month, the Ministry of Commerce suspended 103 licenses to re-export sugar, due a lack of demand from China, according to an article in the Myanmar Times. The article said that 49 companies will have their licenses suspended for three months, with the other 54 unable to operate for six months. One of the main reasons for the halt in demand has been heightened security measures at the Myanmar-China border, said U Win Htay, deputy chair of the Myanmar Sugar and Sugarcane Related Products Merchant and Manufacturers Association. The bulk of sugar products being exported to China had been imported from Thailand and India for the purpose of being re-sold, the article said.

### Japanese hotel chain opens property at Thilawa SEZ

Japanese business hotel chain Super Hotel has opened its second property in Myanmar, at the Thilawa Special Economic Zone (SEZ), on the outskirts of Yan-gon. According to a report in the Nikkei Asian Review, the four-story hotel was built at a cost of USD 13.5 million. It consists of 129 rooms, mostly with single beds, aimed at business people. The Thilawa SEZ is a crucial piece of investment between Myanmar and Japan that opened in 2015. Currently, the SEZ has 105 tenants in a range of industries, the article said. The Thilawa lodging is Super Hotel's second property in Myanmar, after it opened one in Yangon in 2015. Company chairman Ryosuke Yamamoto said the company plans to open one new hotel every year in Myanmar.

### Sea Lion to establish distribution center

Sea Lion, a Yangon-based company that provides healthcare-related products and services, has established a USD 10 million distribution center on the outskirts of Yangon, according to a brief in DealStreet Asia. The article said that the new center will be located at the Kyan Sitt Thar Industrial Zone in Yangon Region's South Dagon Township and will provide storage and logistics solutions for products

including medical equipment, supplies and pharmaceuticals, among others. The article said that the company is also planning to build a manufacturing facility for healthcare products.

**Source: Thura Swiss News (Issue 360 Apr 04, 2019)**

## STOCK EXCHANGE (4.4.2019)

YANGON STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 4th Apr. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 8,700 | +100 | +1.16% | 8,700 | 8,700 | 8,600 | 59 | 507,600 | 27,112,747 | 235,881 |
| MTSH | 00002 | 2,850 | +0 | +0.00% | 2,850 | 2,850 | 2,850 | 6,207 | 17,689,950 | 38,929,150 | 110,948 |
| MCB | 00003 | 7,100 | +0 | +0.00% | 7,100 | 7,100 | 7,100 | 100 | 710,000 | 10,400,986 | 73,847 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 105 | 2,205,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,650 | +0 | +0.00% | 2,650 | 2,650 | 2,650 | 0 | 0 | 12,212,906 | 32,364 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 369.86 | +1.98 | +0.54% | 369.86 | 369.86 | 369.86 | 6,471 | 21,112,550 | 5 | 504,953 |


**Index chart**




## Market Overview

As of 1:00 pm, 4th Apr. 2019

| MYANPIX | 369.86 ▲ 1.98 |
|---|---|
| Total Volume (shares) | 6,471 |
| Total Value (MMK) | 21 mil |
| Listed Company | 5 |
| Market Cap. (MMK) | 504,953 mil |




| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 8,700 | ▲ 100 |
| MTSH | 00002 | 2,850 | ▲ 0 |
| MCB | 00003 | 7,100 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,650 | ▲ 0 |